## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## အဌမနေ့ အစီအစဉ်

## [ ၁၄–၂–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်အား Eco-Tourism (သဘာဝအခြေပြု ခရီးသွားလုပ်ငန်း) နယ်မြေအဖြစ် သတ်မှတ်ဖော်ဆောင်ရန်အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **နိုင်ငံပိုင် သစ်တောမြေများအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များအား နှစ်ရှည်ငှါးရမ်းဆောင်ရွက်ပေးမှုများ နှင့်ပတ်သက်၍ စိုက်ပျိုးခွင့်ပြုပြီး မြေဧကနှင့်အညီ သတ်မှတ် ကာလအတွင်း အမှန်တကယ် စိုက်ပျိုးပြီးစီးမှု ရှိ၊ မရှိ၊ ခွင့်ပြု မထားသော လုပ်ငန်းနှင့် အပင်များ စိုက်ပျိုးထားခြင်းရှိ၊ မရှိ၊ ဥပဒေမဲ့ လွှဲပြောင်း ရောင်းချမှုများ ရှိ၊ မရှိ၊ မျှတသည့် နှုန်းထားတို့နှင့်အညီ စိစစ်ပြင်ဆင်**

**ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ကြွေးကျန်များ ရှိနေသေးလျှင် ဥပဒေနှင့်အညီ မည်သို့အရေးယူဆောင်ရွက် မည်ကို ရှင်းလင်းချပြ နိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၏ **လက်ပံတောင်းတောင် ကြေးနီ စီမံကိန်းမှ နိုင်ငံတော်၏အကျိုးအမြတ် ၅၁%ကို တာဝန်လွှဲပြောင်းချိန် အထိ မည်မျှရရှိခဲ့သနည်းနှင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စ၍ မည်သို့ ဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က တင်သွင်းသည့် **"မကွေးတိုင်း ဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism (ဂေဟာအကျိုးပြု ခရီးသွားလုပ်ငန်း) ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်ခင်မို့မို့အောင်၊ လသာ မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဃ) ဦးအောင်နိုင်၊ မိုးကုတ် မဲဆန္ဒနယ်၊

(င) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

(စ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဆ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။